**အိန္ဒိယနိုင်ငံအစိုးရယဉ်ကျေးမှုဆိုင်ရာဆက်ဆံရေးကောင်စီ နှင့်**
**ဥတ္တရပရာဒေ့ရှ်ဒီဇိုင်းတက္ကသိုလ်တို့ပူးပေါင်းလျှက်**
**"ရက်ကန်းယက်လုပ်ခြင်းဆိုင်ရာဆက်နွယ်မှုများ - အထည်အလိပ်ရိုးရာအစဉ်အလာ"**
**("Weaving Relations : Textiles Traditions")**

**ခေါင်းစဉ်ဖြင့် ဗွီဒီယိုဘလော့ဂ်ပြိုင်ပွဲတစ်ခုကိုစီစဉ်ပြုလုပ်နေပါသည်။**

**အကြောင်းအရာအကျဉ်းချုပ်**

အိန္ဒိယနိုင်ငံယဉ်ကျေးမှုဆိုင်ရာဆက်ဆံရေးကောင်စီ နှင့် ဥတ္တရပရာဒေ့ရှ်ဒီဇိုင်းတက္ကသိုလ်တို့ပူးပေါင်းလျှက် စက်တင်ဘာ ၁၅ ရက်မှအောက်တိုဘာ ၂ ရက်အထိကျင်းပမည့် "ယက်လုပ်ခြင်းဆိုင်ရာဆက်နွယ်မှုများ - အထည်အလိပ်ရိုးရာ" **("Weaving Relations : Textiles Traditions")** ခေါင်းစဉ်ဖြင့်ဗီဒီယိုဘလော့ဂ်ပြိုင်ပွဲတစ်ခုအားကြေငြာခဲ့သည်။ ပြိုင်ပွဲသို့ ICCR ၏လူမှုမီဒီယာပလက်ဖောင်းများဖြစ်သော Facebook, Twitter နှင့် Instagram တို့မှတဆင့်ပါဝင်နိုင်သည်။ ဤဗီဒီယိုပြိုင်ပွဲသည်အိန္ဒိယနိုင်ငံပြင်ပတွင်နေထိုင်သောနိုင်ငံခြားသားများပါဝင်နိုင်မည်။

**ပြိုင်ပွဲအကြောင်း**

မဟာတ္တမဂန္ဒီ၏နှစ် (၁၅၀)ပြည့်မွေးနေ့နှစ်ပတ်လည်အထိမ်းအမှတ်အခမ်းအနားများ၏အစိတ်အပိုင်း တစ်ရပ် အနေဖြင့် အိန္ဒိယနိုင်ငံယဉ်ကျေးမှု ဆိုင်ရာ ဆက်ဆံရေးကောင်စီ နှင့် ဥတ္တရပရာဒေ့ရှ်ဒီဇိုင်းတက္ကသိုလ်တို့ပူးပေါင်းလျှက် " Weaving Relations: Textile Traditions" ခေါင်းစဉ်ဖြင့်ဗီဒီယိုဘလော့ဂ်ပြိုင်ပွဲကိုစီစဉ်ကျင်းပနေပါသည်။

**ပြိုင်ပွဲအမည်**

" Weaving Relations: Textile Traditions" ခေါင်းစဉ်ဖြင့်ဗီဒီယိုဘလော့ဂ်ပြိုင်ပွဲ

**ပြိုင်ပွဲ၏အသေးစိတ်အချက်အလက်များ**

သင်တို့၏တိုင်းပြည်မှတမူထူးခြားသောရက်ကန်းယက်လုပ်ခြင်းရိုးရာဓလေ့ထုံးတမ်းများကိုပုံဖော်ထားသည့် (၃)မိနစ်ကြာသော အရည်အသွေးမြင့် ရုပ်သံဗီဒီယို သို့မဟုတ် ဓာတ်ပုံများ သို့မဟုတ် ဓာတ်ပုံအစုအဝေး။

**ပြိုင်ပွဲဝင်ရန်စတင် တင်သွင်းနိုင်မည့်ရက် နှင့် လက်ခံခြင်းပိတ်မည့်ရက်-**

၂၀၂၀ စက်တင်ဘာ (၁၅) ရက်မှ အောက်တိုဘာ (၂)ရက် (အပြည်ပြည်ဆိုင်ရာစံတော်ချိန် ၂၃:၅၉ နာရီ) အထိ။

**ပြိုင်ပွဲဝင်သည့်ရုပ်သံဖိုင်တင်သွင်းရန်-**

ICCR ၏ Facebook, Instagram နှင့် Twitter

**ပြိုင်ပွဲဝင်သည့်ရုပ်သံဖိုင်တွင်ထည့်ရမည့် Hashtag --**

# WeavingTraditions

**ယှဉ်ပြိုင်မှုအတွက် Social Media Links --**

ပြိုင်ပွဲ၏နောက်ဆုံးအချက်အလက်များနှင့်ပြိုင်ပွဲဝင်သည့်လုပ်ငန်းစဉ်များသိနေစေရန် ICCR ၏ Facebook, Twitter နှင့် Instagram တို့အားအမြဲဝင်ရောက်ကြည့်ရှုနေပါ။

**ချီးမြှင့်မည့်ဆုများ**

ပထမဆု - အမေရိကန်ဒေါ်လာ (၅၀၀)

ဒုတိယဆု - အမေရိကန်ဒေါ်လာ (၃၀၀)

တတိယဆု- အမေရိကန်ဒေါ်လာ (၂၀၀)

**လမ်းညွှန်ချက်များ**

–သင်၏ပြိုင်ပွဲဝင်ဗီဒီယိုကိုရိုက်နေစဉ် တစ်မူထူးခြားသော ဒီဇိုင်း ၊ ရိုးရာပုံစံများ ၊ အထည်စများ နှင့် ပန်းပွင့်ပုံစံများ သို့မဟုတ် မျိုးနွယ်စုများ၏အလှတန်ဆာဆင်ပုံစံများ သို့မဟုတ် အထည်စများတွင်တမူထူးခြားသောပန်းထိုးခြင်း စသည်တို့ပေါင်းစပ်ခြင်းများကိုအထူးဂရုပြုသင့်သည်။ ဗွီဒီယိုတွင်ပါသည့်နောက်ခံစကားပြောများ/ ရှင်းလင်းချက်များသည်အင်္ဂလိပ်ဘာသာဖြင့်ပြောဆိုခြင်းသို့မဟုတ်အင်္ဂလိပ်စာတန်းထိုးများဖြင့်ဖြစ်ရမည်။

•ဗီဒီယိုသည် ၃ မိနစ်ထက်ပိုမကြာသင့်ပါ။

•သင်၏ဗွီဒီယိုကို ICCR ၏လူမှုမီဒီယာစာမျက်နှာများပေါ်တွင် တင်၍ ICCR ကို tag လုပ်နိုင်သည်။ သင်၏ဗွီဒီယို / link ကို ICCR ၏လူမှုမီဒီယာစာမျက်နှာများသို့လည်းပို့နိုင်သည်။

•ဗွီဒီယိုကိုတင်ပြီးသည်နှင့်ဗီဒီယိုလင့်ခ်နှင့်အတူအောက်ပါအသေးစိတ်အချက်အလက်များအား https://bit.ly/3moySdm သို့ပေးပို့ရမည်။

နာမည်အပြည့်အစုံ:-

မွေးသက္ကရာဇ်:-

လိပ်စာ -

ဆက်သွယ်ရန်ဖုန်းနံပါတ်: -

အီးမေးလ် ID:

•ဗီဒီယိုတင်ပြီးနောက်လျှောက်ထားသူအားလုံးသည်ဂူဂဲလ်စာရွက်ကိုဖြည့်ရန်မဖြစ်မနေလိုအပ်သည်၊ထိုသို့မဖြည့်လျှင် ပြိုင်ပွဲဝင်ခြင်းအားလက်ခံမည်မဟုတ်ပါ။

•ပြိုင်ပွဲ၏အကောင်းဆုံးစာရင်းရွေးချယ်ခံရသူများကိုဆုချီးမြှင့်မည်ဖြစ်သည်။

• ICCR နှင့် UPID မှအကဲဖြတ်အဖွဲ့ဝင်များ၏ဆုံးဖြတ်ချက်သည်အပြီးအပြတ်အတည်ဖြစ်လိမ့်မည်။

•ရွေးချယ်ထားသည့်ပြိုင်ပွဲဝင်ရုပ်သံများ၏မူပိုင်ခွင့်များသည် ၎င်းတို့ကိုဆိုရှယ်မီဒီယာ / ဝက်ဘ်ဆိုက်စာမျက်နှာများတွင်ထုတ်ဝေရန်အခွင့်အရေးကိုရယူထားသည့် ICCR နှင့် UPID တို့၏မူပိုင်ခွင့်ဖြစ်သည်။

**စည်းမျဉ်း/စည်းကမ်းများ**

• ပြိုင်ပွဲဝင်သည့်ရုပ်သံဖိုင်တွင်မည်သို့သော စော်ကားသောသို့မဟုတ်တမင်တကာဆွပေးသော စကားအသုံးအနှုန်း သို့မဟုတ်အကြောင်းအရာများမပါဝင်စေရ။

• အချိန်ကန့်သတ်ချက် (၃) မိနစ်အား တိတိကျကျလိုက်နာသင့်သည်။ထိုသို့မလိုက်နာပါက ပြိုင်ပွဲဝင်၏ရမှတ် ဆုံးရှုံးမည်ဖြစ်သည်။

•ဗွီဒီယိုသည်မူရင်းဖြစ်သင့်ပြီးပြိုင်ပွဲဝင်သူသည်၎င်းဗီဒီယို၏မူပိုင်ခွင့်အတွက်တစ်ဦးတည်းပိုင်ရှင်ဖြစ်ရမည်။ပြိုင်ပွဲဝင် ဗီဒီယိုသည်ယခင်က မည်သည့် ဒီဂျစ်တယ်မီဒီယာပလက်ဖောင်းပေါ်မျှတင်ထားဘူးခြင်းမရှိစေရ။

• ဝင်ခွင့်လျှောက်လွှာစတင် တင်သွင်းရမည့်နေ့စွဲ - ၁၅/၀၉/၂၀၂၀

• ဝင်ခွင့်လျှောက်လွှာတင်သွင်းခြင်းပိတ်မည့်နေ့စွဲ - ၀၂/၁၀/၂၀၂၀

***********